FACTSHEET

NSW ပြည်နယ်၊ ပညာရေး ဌာန

Parent, carer and student factsheet

# No prohibited knives at school

## မိဘ၊အုပ်ထိန်းသူ နှင့် ကျောင်းသား များ အတွက် အချက် အလက် ပေး စာ စောင်။

# ကျောင်းတွင်း သို့ တားမြစ် ထားသော ဓါးများ မ ယူ ဆောင်လာရ။

NSW ပြည်နယ် တွင်၊ ဓါးကိုင်ဆောင်ခြင်း နှင့် ပတ်သက်သော၊ ဥပဒေများ သည် ဩစတေးလျနိုင်ငံတွင် အတင်းကျပ် ဆုံး ဖြစ်သည်။ ပြည်သူ နှင့် သက်ဆိုင်သည့် နေ ရာ များ တွင် ၄င်း၊ ကျောင်းများ တွင် ၄င်း၊ တားမြစ် ထားသော ဓါးများ ဆောင်ထားခြင်း သည် ဥပဒေ ကို ဆန့်ကျင်သည်။ တားမြစ် ထားသော ဓါးများ နှင့် ပတ်သက် သည့် ဥပဒေများ ကျူးလွန်မှု ရှိ လျှင်၊ အနည်းဆုံး ဒါ်ဇင်ငွေ ဒေါ်လာ ၄၄၀၀၊ ထောင်ဒါဏ် ၄ နှစ်၊ ဒါဏ်ငွေ နှင့် ထောင်ဒါဏ် ၂၉ လုံး ကိုသော်၄င်း ကျ နိုင် သည်။ အမြင့်ဆုံး ဒါဏ်ငွေ ဒေါ်လာ ၁၁၀၀၀ အထိ ချမှတ် နိုင်သည်။

---

## တားမြစ် ထားသော ဓါးများ ကို မည် ကဲ့သို့သော အကြောင်း ပြချက်ဖြင့် ကျောင်းများ တွင် လုံးဝ လက် မ ခံ ပါ။

ကျောင်းများ ၏ မူဝါဒ တွင် ကျောင်းများ သည် ကျောင်းသားများ အတွက် လုံခြုံမှု ရှိ စေ ရန် စီမံထား သည်။ လက်နက် အဖြစ် အသုံးပြု နိုင်သည့်၊ ခလုပ် နှိပ်ဖွင့်ဓါးများ၊ အစွပ်ဓားရှည်များ၊ ဓားမြှောင်များ၊ ဓားမြှောင် လက်နက်ဓားများ၊ လိပ်ပြာဓားများ၊ ကြယ်ပွင့်ဓားများ နှင့် လက်နက် အဖြစ် အသုံးပြု နိုင် သည့် အရာ အားလုံး (လက်သမား နှင့် ပန်းပုသုံး စောက်) အပါ အဝင် မည်သည့် ဓါးမျှ ကျောင်းသို့ ယူဆောင်လာခွင့် မရှိ။

ကျောင်းသား တဦးဦး က ဓါး ဆောင်ထား သည် ကို တွေ့ ရှိ လျှင် ကျောင်းအုပ် က ရဲများ ကို တိုင်မည်ဖြစ်သည်။ ၄င်း ကျောင်းသား ကို ချက်ချင်း၊ ကျောင်းထုတ်ခြင်း သို့မဟုတ် ကျောင်းတက် ရပ်စဲခြင်းပြုလုပ်မည်။

ဓါးဆောင်ထား သည် ဟုဆို ရာတွင်၊ မည်သူ ကို မျှ ချိန်း ခြောက်ရန် ရည် ရွယ် ချက် မရှိ သော် ငြား လည်း၊ ၄င်း ကျောင်းသား က လွယ်အိတ်ထဲ သို့မဟုတ် လော်ကယ်ထဲ တွင် ဆောင်ထား ခြင်း ကို ဆို လို သည်။ လုံခြုံမှု စိုးရိမ်မကင်း ရှိ ခဲ့ လျှင် ကျောင်း အုပ် ကြီး ကို တိုင်ရ မည်။

မိဘ များ အနေဖြင့်၊ ကျောင်းသား များ ၏ မုန့်ဗူး ထဲ တွင် ထောပတ်သုတ်ဓါးများ၊ အသီး လှီး ဓါးများ၊ လက်မှု ပညာသုံး ဓါးများ ကို မထည့် ပေး ရန် အကြံပြု သည်။ ကျောင်း သင်ခန်းစာ များ ဖြစ်သည့် ချက်ပြုတ်ခြင်း၊ လက်မှု လုပ်ငန်းများ တွင် အသုံးပြု သည့် ဓါး များ ကို လို အပ်လာလျှင်၊ ၄င်း တို့ ဆရာ/မ များ ကို ကြီးကြပ် သုံးခွင့်ပြု သွား မည်။

ကျောင်းသား တိုင်း သည် ကျောင်းတွင်းတွင် လုံခြုံ စိတ်ချခြင်း ရပိုင်ခွင့် ရှိ သည်။ ကျောင်းသား များ သည် ကျောင်း တွင် ဓါး ဆောင် ရန် မည် သည့် အကြောင်းပြချက်မျှ မရှိ ပါ ။

အချို့ သော အဆင့် မြင့် ဘာသာရပ်များ တွင်၊ ဥပမာ အားဖြင့် အိမ်မှု ပညာ၊ များ တွင် ကျောင်းသား များ သည် မိမိ တို့ ကိုယ်ပိုင် ဓါးများ ကို အသုံးပြု ရ မည် ဖြစ်သည်။ ထို အခါ ကျောင်း က မိဘ များ၊ အုပ် ထိန်းသူများ ကို အကြောင်းကြားပြီး၊ ကျောင်း အသွား အပြန်၊ မည်ကဲ့ သို့ တရား ဝင်အောင် ဆောင်ရွက် ရမည် ဆို သော အစီ အစဉ်များ ကို လဲ အကြောင်းကြားမည် ဖြစ်သည်။

---

## ပို၍ တင်းကြပ် သော ပြစ်ဒါဏ် ချမှတ်ခြင်း။

ဥပဒေ အရ မိဘ နှင့် အုပ်ထိန်း သူများ တာဝန် ရှိ သည်။ ဓါး ကိုင်ဆောင် ခြင်း နှင့် ပတ်သက် သည့် ကျောင်းစည်းကမ်း နှင့် ပြည်နယ် ဥပဒေများ ကို မိမိ တို့ ကလေး များ ကို အသိ ပေး ရ မည် ဖြစ် သည်။

မိဘ နှင့် အုပ်ထိန်း သူများ အနေဖြင့်၊ ဤဥပဒေများ ကို သိ ရန် လို အပ် သည်၊ မိမိ တို့ ကလေး များ ကို ဓါးကိုင်ခွင့် ပေး မိလျှင် မိမိ တို့ က အရေး ယူ ခံ ရမည်။

ရဲ များ က လူငယ်များ အနေဖြင့် ဓါးကိုင်သည် ဟု သင်္ကာမကင်း ရှိ လျှင်၊ ၄င်း လူငယ်ကို ရှာ ပိုင်ခွင့် ရှိပြီး၊ အန္တရယ် ပေး နိုင် သည့် အရာ မှန်သမျှ ကို သိမ်း စည်း နိုင်သည်။ လူငယ် အနေဖြင့် ရှာဖွေ ခံ ရန်၊ လိုက်လျော ရမည် ဖြစ်သည်၊ သို့မဟုတ် ပါက ၄င်းအား ဖမ်းစည်း အရေးယူ နိုင်သည်။

ခိုက်ရန် ဖြစ်ပွါးချိန်တွင် ဓါး ကိုင် ဆောင်ခြင်းပါဝင်ပါက ကြီးလေး သော ပြစ်ဒါဏ် ကျခံ နိုင်သည်။ ဥပမာ၊ ကျောင်းသား တဦး က ခိုက်ရန်ဖြစ်ပွါး စဉ် ဓါးဖြင့် တဦး တယောက်အား ထိ ခိုက် ဒါဏ်ရာ ရ ခြင်း ဖြစ်သည်။

ကျောင်းသား များ အနေဖြင့် အခြား လူငယ်များ နှင့် ဖြစ်ပွါး သည့် ပြစ်မှု သည် ပို ၍ ကြီးလေး သည်။ အချို့အမှု များ တွင် ထောင်ဒါဏ် ၁၄ နှစ်မှ ၂၅ နှစ် အထိ ချ ခံ နိုင်သည်။

အသက် ၁၆ နှစ် အောက် လူ ငယ်များ ကို ဓါးများ ရောင်း ခြင်း သည် လည်း တရား မဝင် သည့် လုပ်ရပ်ဖြစ် သည်။

---

## ချွင်းချက်။

ချွင်းချက် အနေဖြင့် လူတဦး တယောက်သည်၊ ဓါး များ ကို ကိုင် ဆောင် ရ မည့် အခြေ အနေ အမျိုး မျိုး ရှိ နိုင်သည်။ ထိုအခါ ၄င်းက ကိုင်ဆောင် ရ ခြင်း သည် သင့်တော် သည့် အကြောင်းပြချက် ရှိ ရ မည်။

သင့်တော်သည့် အကြောင်းပြချက် ဆို ရာတွင် သင့်တော်သည့် လိုအပ်ချက် ပါဝင် သော်လည်း ကန့်သတ်ထားချက်မရှိခြင်း၊ ၄င်းတို့တွင်၊

- တရားဝင် လုပ်ငန်းဖြစ်ခြင်း၊ ပညာသင်ခြင်း၊ သင်တန်း ပေးယူခြင်း။
- တရားဝင်သည့် ဖျော်ဖြေမှု၊ အပန်းဖြေခြင်း၊ အားကစားပြုလုပ်ခြင်း၊ အစ ရှိ သည် တို့ တွင်ပါဝင်ခြင်း
- စစ်မှန်သော ဘာသာရေး ရည်ရွယ်ချက်၊ သို့မဟုတ်
- အထက်ဖေါ်ပြပါ ကိစ္စများ အတွက် သွား လာရခြင်း

### တယ်လီဖုံး စကားပြန် ဝန်ဆောင်မှု။

အကြောင်းအရာပိုမို သိလိုလျှင် ကျောင်းအုပ်ကြီး ကို ဖုံး ဆက်ပါ။  သင် ၏ စုံစမ်းမှု အတွက် စကားပြန် အကူ အညီ လို အပ်ပါက တယ်လီဖုံး စကားပြန် ဝန်ဆောင်မှု ဖြစ်သည့် 131 450 ကို ဆက်သွယ် ၍ မိမိ လိုအပ်သည့် ဘာသာ စကား ကို တောင်းဆို ပါ။

ဆက်လိုသည့် နံပါတ်ကို အော်ပရေတာ ကို ပြောပြီး စကားပြန် အကူ အညီ ကို ဖုံး ပေါ်တွင် လို အပ် ကြောင်း ပြောပါ ။ ဤခေါ်ဆို မှု အတွက် အခအကြေး ပေး ရန် မလို ပါ။